# ဆက်စပ်မှုရှိတာပေါ့လေ

'ဂျက်' က 'မန်ဟက်တန်'အရက် မှာလိုက်သည်။ ဆိုင်ရှင်က ဂျက်ရှေ့မှာပင် အမြုပ်ထနေသော အရက်ခွက်ထဲ ဟင်းမွှေးရွက် ကိုင်းသေးသေးလေး ထည့်ပေးလိုက်၏။

"ဒါ ဘာလုပ်တာလဲဗျ"

ဆိုင်ရှင်လုပ်ပုံကို နားမလည်နိုင်သူ ဂျက်က မေးလေသည်။

"ဒါ ခင်ဗျားမှာတဲ့ မက်ဟန်တန် အရက်ပဲပေါ့"

ဆိုင်ရှင်က ထိုသို့ ပြန်ပြောပြလိုက်ရာ ဂျက်က ဟင်းမွှေး ရွက် ကိုင်းသေးသေးလေးကို ဆယ်ယူလိုက်ပြီး ...

"ဩော် ဒီလိုကိုး၊ ဒီအတိုင်းဆိုရင် ဟောဒီ ဟင်းမွှေး ရွက်ကိုင်းကလေးက 'မန်ဟက်တန် ရပ်ကွက်'နားမှာရှိတဲ့ 'ဗဟိုဥယျာဉ်ကြီး'ထဲက ဟင်းမွှေးရွက်ကိုင်းကလေးပေါ့နော် ... ဟုတ်စ"ဟု မျက်ခုံးပင့် မေးလိုက်လေ၏။



# ဒါလေးတော့

သေခါနီး စကော့ချ်အဘိုးအိုတစ်ယောက်သည် သူ့ အချစ်ဆုံး သူငယ်ချင်း 'ဂျိုး'ကို သူ့နားသို့ ခေါ်ယူလိုက်သည်။

"သူငယ်ချင်း၊ ငါသိမ်းထားတဲ့ ဝီစကီတစ်လုံးရှိတယ်၊ ငါသေသွားတဲ့အခါ အဲဒီဝီစကီနဲ့ ငါ့သင်္ချိုင်းပေါ် ပက်ဖျန်းပေးစေ ချင်တယ်ကွာ၊ ဒီကိစ္စ မင်းကူညီနိုင်မလား ဂျိုး"

"ကူညီနိုင်ပါတယ် သူငယ်ချင်းရယ်၊ ဒါပေမဲ့ အဲဒီဝီစကီ ငါ့ကျောက်ကပ်တွေကြားထဲ အရင်ဖြတ်စီးသွားပြီးမှ ပက်ဖျန်းပေး ရင်ကော မင်းစိတ်ဆိုးမှာလား"